mgyoe.com SAMPLE BOOK

# သင့်အဖေ သင့်ကို ဘယ်တော့မှ မပြောပြခဲ့တဲ့ ယောကျ်ားတွေအကြောင်း

မြတ်နေခြည်
ဘာသာပြန်သည်

The Things
Your Dad Never Told You
About Men

Bruce Bryans

mgyoe.com

THAR NGE

mgyoe.com

SAMPLE BOOK

ဒီစာအုပ်မှာ...

သင့်ရဲ့ အချိန်ကို မဖြုန်းမဲ့ အမျိုးသားတစ်ယောက်ကို
ဘယ်လိုရွေးချယ်ရမလဲ တွေ့ရမှာပါ။
မလိုအပ်တဲ့ အသည်းကွဲခြင်းတွေ မဖြစ်အောင် လူမှန်ကိုရွေးဖို့
နည်းလမ်းတွေကို တွေ့ရပါလိမ့်မယ်။
သင်ချစ်ရတဲ့ အမျိုးကောင်းသားကို ပျော်ရွှင်နိုင်အောင်နဲ့
သင့်အပေါ်မှာပဲ အာရုံစိုက်မှုထားနိုင်အောင် ဘယ်လိုလုပ်ရမလဲ
တွေ့ရမှာပါ။
သင်ချစ်ရတဲ့အမျိုးသားကို စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုတွေပေးခြင်းဖြင့်
သင့်အပေါ်အဆုံးမရှိတဲ့ အချစ်တွေနဲ့ ချစ်လာအောင်
ဘယ်လိုလုပ်လို့ရမလဲ တွေ့ရမှာပါ ။
သင်လိုချင်တဲ့ အမျိုးကောင်းသားအပေါ်
သင့်ရဲ့ မရုန်းထွက်နိုင်လောက်မဲ့ အမျိုးသမီး မာယာကိုသုံးပြီး
သင့်အပေါ်လေးစားလာအောင် လုပ်နိုင်မှာပါ။
အမျိုးသားတွေက အမျိုးသမီးတွေနဲ့ပတ်သက်ပြီး
ဘာတွေလိုချင်လဲ သိလာတော့မဲ့အတွက် သင်ချစ်ရတဲ့
အမျိုးကောင်းသားကို ပိုပြီးပျော်ရွှင်လာအောင် (သစ္စာရှိလာအောင်)
လုပ်နိုင်တော့မှာပါ။
ပြီးတော့ အများကြီး...အများကြီး...ပေါ့
သင်ကသာ သူ့အပေါ် သေချာနားလည်ပေးနိုင်ကြောင်း
သူသိလာတဲ့အတွက် သင့်အပေါ် အချစ်ပိုလာစေဖို့
အခုပဲ စလိုက်ရအောင်....

ISBN 978-99971-46-11-3

9 789997 146113 >

mgyoe.com

mgyoe.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမျက်နှာ | ■ | ၁၂၀ |
| စာအုပ်ဆိုဒ် | ■ | အလျား ၁၃ × အနံ ၁၉ စင်တီ။ |
| စာအုပ်အမျိုးအစား | ■ | ဘာသာပြန် |
| မျက်နှာဖုံးသရုပ်ဖော် | ■ | ဇာလင်းထက် |
| အတွင်းအပြင်အဆင် | ■ | စောမာလာ |
| ISBN | ■ | 978 - 99971 - 46 - 11 - 3 |
| ထုတ်ဝေခြင်း | ■ | ပထမအကြိမ်၊ ဇွန်လ – ၂၀၂၅ ခုနှစ် |
| အုပ်ရေ | ■ | ၅၀၀ |
| ဘာသာပြန်စာမူမူပိုင် | ■ | စာရေးသူ |
| ပုံနှိပ်မူပိုင် | ■ | သားငယ်စာပေ |

**တန်ဖိုး ■ ၅၀၀၀ ကျပ်**

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၁၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။



**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲ သုံးစွဲခွင့်မပြု။


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

## မိတ်ဆက်


| | |
|---|---|
| သူလိုအပ်တာကိုဖြည့်ဆည်းပေးပါ | ၁၃ |
| ဘယ်အရာတွေက သူ့ကိုပျော်ရွှင်စေလဲ | ၂၁ |
| သူ့ကိုပျော်ရွှင်စေတဲ့ နည်းလမ်းများ | ၃၇ |
| သင့်ကို စိတ်ကုန်သွားစေနိုင်တဲ့အချက်များ | ၅၇ |
| လိင်ကိစ္စနဲ့ အိမ်ထောင်ရေးသုခ | ၈၃ |
| မှန်ကန်တဲ့လူကိုရှာဖွေခြင်း | ၉၃ |
| ယောကျာ်းကောင်းတွေ ဘာကိုရှာလဲ | ၁၀၃ |
| နိဂုံး | ၁၁၅ |


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မိတ်ဆက်

လက်တွေ့စဉ်းစားကြည့်ရအောင်။ သင့်ရဲ့အဖေက (အသက်ရှိသေး ရင်ပေါ့) သင့်ကို ယောကျ်ားတွေက အချစ်ရေး၊ လိင်ကိစ္စနဲ့ လူမှုဆက်ဆံရေး ကိစ္စတွေမှာ ဘယ်လိုတွေးလဲ၊ ဘာတွေလိုအပ်လဲဆိုတာကို သေချာပြောပြ လောက်မှာပါ။ မိန်းမတော်တော်များများက သူတို့ရဲ့ဘဝမှာ အဖေကောင်းတွေ မရှိကြတာများပါတယ်။ ပြီးတော့ ယောကျ်ားတွေ တကယ်လိုအပ်တဲ့ လျှို့ဝှက်ချက်တွေက ဘာတွေလဲဆိုတာကို ပြောဖြစ်ကြမှာ မဟုတ်ပါဘူး။

ဒီစာအုပ်မှာဆိုရင် သင့်အဖေ သင့်ကိုပြောပြဖို့လိုအပ်နေတဲ့ အချက် တွေကို ပြောပြသွားမှာဖြစ်ပါတယ်။ ဘယ်လိုအကြောင်းအရာတွေပဲဖြစ်ဖြစ် သင့်ရဲ့အဖေက သင့်ကို ယောကျ်ားတွေက မိန်းမတွေနဲ့ပတ်သက်ပြီး ဘာတွေ လိုချင်လဲဆိုတဲ့ ထိရှတဲ့အမှန်တရားတွေကို ပြောပြလောက်မှာ မဟုတ်ပါဘူး။ ဒီနေ့မှာတော့ ဒီအကြောင်းတွေကို ပြောပြမှာဖြစ်ပါတယ်။

ယောကျ်ားတွေနဲ့ပတ်သက်ပြီး သင့်ကိုယ်သင်ယုံကြည်မှုမရှိဘူးဆိုရင် တကယ့်ယောကျ်ားတစ်ယောက်က မိန်းမတွေနဲ့ပတ်သက်ပြီး ဘာတွေလိုချင်လဲ ဆိုတာကို သင်နားမလည်သေးလို့ နေပါလိမ့်မယ်။

ဒီစာအုပ်ကိုဖတ်တဲ့အခါမှာ ဒီအကြောင်းအရာကိုတော့ သင် နားလည်ထားဖို့လိုပါမယ်။ သာမန်ယောကျ်ားတစ်ယောက်နဲ့ မိန်းမတွေမြင်တဲ့ 'ယောကျ်ားကောင်း'တစ်ယောက်ဆိုတာ အများကြီးကွာခြားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနှစ်ယောက်က ဘယ်တော့မှ တူမှာမဟုတ်သလို ဒီနှစ်ယောက်လိုချင်တဲ့ မိန်းမနှစ်ယောက်ကလဲ တူနိုင်မှာမဟုတ်ပါဘူး။ ယောကျ်ားကောင်းတစ်ယောက်က မိန်းမတွေနဲ့ ဆက်ဆံရေးတစ်ခုရှိလာတဲ့အခါ သူ့အနေနဲ့ တိတိကျကျလိုချင်တဲ့ တချို့အချက်တွေ ရှိပါတယ်။ ဒါက ကျွန်တော် မိန်းမတွေကိုနားလည်စေချင်တဲ့ အကြောင်းအရာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီယောကျ်ားနှစ်ယောက် လိုချင်တဲ့အချက်တွေက တူမှာမဟုတ်သလို သူတို့နဲ့ပတ်သက်ရတဲ့ မိန်းမနှစ်ယောက်ကလဲ သူတို့ယောကျ်ားတွေနဲ့ပတ်သက်ပြီး တူညီတဲ့အချက်ကို လိုချင်မှာ မဟုတ်လို့ပါပဲ။

ဆက်ဆံရေးအကြံပေးစာအုပ်တွေမှာ တွေ့ရတဲ့ပြဿနာက ယောကျ်ားတွေကိုနားလည်အောင် မိန်းမတွေကိုအကြံပေးတဲ့ အကြောင်းအရာတွေက ယေဘုယျဆန်လွန်းနေပါတယ်။ ဒီစာအုပ်ရဲ့ရည်ရွယ်ချက်က မိန်းမတွေကိုကူညီဖို့ဖြစ်ပြီး 'သာမန်ယောကျ်ား'တွေလောက်ကို နားလည်အောင် လုပ်ဖို့ မဟုတ်ပါဘူး။ ယောကျ်ားပီသပြီး ရင့်ကျက်တဲ့ 'ယောကျ်ားကောင်း' တွေကို နားလည်နိုင်စေဖို့ ဖြစ်ပါတယ်။ ဒီလိုယောကျ်ားတွေကလဲ မိန်းမပီသပြီး ရင့်ကျက်တဲ့မိန်းမတွေကိုပဲ အလိုရှိကြပါတယ်။ ဒီလိုယောကျ်ားတွေက တစ်ညတာပျော်ပါးရုံ မိန်းမတွေထက် စိတ်အားထက်သန်၊ ပျော်ရွှင်တတ်၊ တည်ငြိမ်တဲ့ဆက်ဆံရေးတွေကို တည်ဆောက်ချင်ကြတဲ့ မိန်းမကောင်းတွေကိုပဲ အလိုရှိကြပါတယ်။

အဲဒါကြောင့် ဒီလိုယောကျ်ားကောင်းတွေကိုပဲ စိတ်ဝင်စားတယ်ဆိုရင် ဒီစာအုပ်က သင့်အတွက် တန်ဖိုးရှိပါလိမ့်မယ်။ သင်က အခု တစ်ယောက်ယောက်နဲ့တွဲနေတယ်၊ ဒါမှမဟုတ် လူမှန်တစ်ယောက်ကို ရှာနေတယ်ဆိုရင် ဒီစာအုပ်က သင်လိုချင်တဲ့ ယောကျ်ားမျိုးကို တွေ့စေနိုင်ပြီး သူတို့ ဘာတွေစဉ်းစားနေလဲဆိုတာကို တွေ့လာနိုင်ပါတယ်။ သင့်မှာ


mgyoe.com

mgyoe.com
SAMPLE BOOK

အိမ်ထောင်ရှိနေတယ်ဆိုရင်တောင် ဒီစာအုပ်မှာပါတဲ့ အကြောင်းအရာတချို့ကို သင် အသုံးချနိုင်ပါသေးတယ်။ ယောက်ျားကောင်းတွေက မိန်းမကောင်းတွေနဲ့ ပတ်သက်ရတဲ့ ဆက်ဆံရေးတွေမှာ ဘာတွေလိုချင်လဲ၊ စဉ်းစားလဲဆိုတာ ဒီစာအုပ်က ပြောပြပေးနိုင်ပါတယ်။ အရေးအကြီးဆုံးက သင်လိုချင်တဲ့ ယောက်ျားကောင်းကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာ သင်သိလာမဲ့အတွက် သူတို့အပေါ် သင့်အနေနဲ့ ဘယ်လိုလွှမ်းမိုးနိုင်မလဲဆိုတာ ပြောပြပေးပါလိမ့်မယ်။

အခု ဒီစာအုပ်ကိုဖတ်တဲ့အခါမှာ တစ်ခုသိထားဖို့ရှိပါတယ်။ ဒီအကြံပေးချက်တွေအကုန်လုံးက မိန်းမတွေအတွက် ရည်ရွယ်တာဖြစ်ပါတယ်။ တချို့အချက်တွေက တစ်ဖက်သတ်ဆန်နေတာကိုတွေ့ရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် မိန်းမတစ်ယောက်အတွက် ယောက်ျားတွေနဲ့ ဆက်ဆံရေးအပေါ်မှာ ဖြစ်လာနိုင်တဲ့အချက်တွေကို ပြောပြထားလို့ပါ။ အဲဒါကြောင့် ယောက်ျားတွေအနေနဲ့ မိန်းမတွေနဲ့ပတ်သက်ရတဲ့ ဆက်ဆံရေးတွေမှာ သူတို့လိုချင်တဲ့ ကောင်းခြင်း၊ ဆိုးခြင်း၊ ထိရှတဲ့အမှန်တရားတွေကို ဒီစာအုပ်မှာ တွေ့ရမယ်လို့ ပြောချင်ပါတယ်။

သင့်ရဲ့ ယောက်ျားအပေါ် နားလည်မှုရှိဖို့ အရေးကြီးပါတယ်။ ယောက်ျားတွေနဲ့ပတ်သက်ပြီး ရိုးရှင်းတဲ့အချက်တစ်ခုကို ပြောပြချင်ပါတယ်။ 'နားလည်မှုရှိခြင်း'ကို တခြားသူတွေထက် မိန်းမတစ်ယောက်တည်းဆီကပဲ လိုချင်ကြတာ ဖြစ်ပါတယ်။ သူ့ဆီကနေ လေးစား၊ ကူညီ၊ ပါရမီဖြည့်ပေးတာမျိုးကိုလိုချင်တဲ့အတွက် အဲဒီနားလည်မှုမျိုးကို လိုချင်ကြတာဖြစ်တယ်။ အဲဒီမိန်းမမျိုးကို ရှာတွေ့ပြီဆိုရင်လဲ သူ့ကို တစ်ကမ္ဘာလုံးကိုပုံပေးပြီး အရာရာထက် ပိုချစ်ပေးချင်ကြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

ယောက်ျားတော်တော်များများက ဒီအချက်ကို ပြောပြလေ့မရှိပါဘူး။ ပြီးတော့ သူတို့ ဘာကိုတကယ်လိုချင်လဲဆိုတာကိုလဲ မသိကြပါဘူး။ ရင့်ကျက်တဲ့ယောက်ျားတွေက မိန်းမကောင်းတစ်ယောက်ကို ရှာတွေ့ပြီး သူ့ကို ချစ်ခွင့်ရဖို့၊ ပေးဆပ်ခွင့်ရဖို့ဆိုတာကို သူတို့ဘဝရဲ့ အောင်မြင်မှုတစ်ခုအဖြစ် နားလည်ထားကြပါတယ်။ ဒီလိုပဲ ထက်မြက်တဲ့မိန်းမတွေကလဲ ယောက်ျားကောင်းကိုရှာတွေ့ပြီး သူ့ကို ပျော်ရွှင်အောင်လုပ်ပေးနိုင်တာ၊ အတူတူရှိပေးနိုင်တာကို သူတို့ဘဝရဲ့ပျော်ရွှင်မှုတစ်ခုအဖြစ် နားလည်ထားကြပါတယ်။

အဲဒီမှာ ပြဿနာစတက်တာပါပဲ။ မိန်းမတွေအနေနဲ့ မှန်ကန်တဲ့ယောက်ျား (ယောက်ျားကောင်း) ကို ဘယ်လိုရှာတွေ့နိုင်မလဲ။ ပြီးတော့ သူ့ကို နားမလည်ဘဲနဲ့ သူ့ကို ဘယ်လိုပျော်ရွှင်အောင်လုပ်ပေးနိုင်မလဲ။ ယောက်ျားဘက်ကလဲ သူ့ကို နားမလည်တဲ့မိန်းမကို နှလုံးသားရော ဘဝတစ်ခုလုံးပါ ဘယ်ပေးချင်မလဲ၊ သူကလဲ သင့်လိုပဲ နားလည်မှုရှိတဲ့မိန်းမမျိုးကို လိုချင်ပါတယ်။ ဒါပေမဲ့ သူတို့က သူတို့ တကယ်လိုအပ်နေတာကို ဘယ်လိုပြောပြရမလဲ မသိကြပါဘူး။ အထူးသဖြင့် မိန်းမတွေကိုပေါ့။

ယောက်ျားတော်တော်များများက အောက်ပါအချက်တွေနဲ့ ကြီးပြင်းလာကြတာများပါတယ်။

ယောက်ျားလေးတစ်ယောက် ကြီးပြင်းလာတဲ့အခါ သူက ထိလွယ်ရှလွယ် ကလေးတစ်ယောက်ဖြစ်ခဲ့ပြီး လူကြီးတစ်ယောက်ဖြစ်ဖို့အတွက် သူ့အမေရဲ့ နွေးထွေးကြင်နာမှုကို လိုအပ်ပါတယ်။ သူက ကံကောင်းရင်တော့ ယောက်ျားတစ်ယောက်အနေနဲ့ ဘယ်လိုနေထိုင်ပြုမူရမလဲဆိုတာကို သူ့အဖေက သင်ပေးနိုင်ပါလိမ့်မယ်။ တစ်ခုသိထားရမှာက ယောက်ျားတော်တော်များများက သူတို့အဖေနဲ့ ပွင့်လင်းတဲ့ဆက်ဆံရေး မရှိကြပါဘူး။ နောက်ပိုင်းမှာ ဒီအကြောင်းပါလာမှာပါ။ သူ့ရဲ့နှလုံးသားကို ရဲတိုက်တစ်ခုလို


mgyoe.com

mgyoe.com
SAMPLE BOOK

စဉ်းစားကြည့်ပါ။ ဒီရဲတိုက်ရဲ့တံခါးကိုဖွင့်ဖို့နည်းလမ်းတွေက သူ့ပတ်ဝန်းကျင်ကို ထိတွေ့တဲ့ပုံစံပေါ် မူတည်နေပါတယ်။

သူကြီးလာတာနဲ့အမျှ သူက ပတ်ဝန်းကျင်နဲ့ ပိုထိတွေ့ဖြစ်လာပြီး အခြေအနေတွေအမျိုးမျိုးက သူ့ရဲတိုက်ရဲ့တံခါးတွေကို တတ်နိုင်သမျှ ပိတ်ထားဖို့ သင်ပေးလာပါတယ်။ ‘ယောကျ်ားတစ်ယောက်ဆိုတာ သန်မာရမယ်၊ မငိုရဘူး’ဆိုတာကို သင်လာခဲ့ရပြီး မိန်းမတွေနဲ့ဆက်ဆံရေးမှာ သူ့ရဲ့ အမြင်တွေ ပြောင်းလဲသွားစေခဲ့တဲ့ ဖြစ်ရပ်ဆိုးတွေ ရှိခဲ့တာလဲ ဖြစ်နိုင်ပါတယ်။ နောက်တော့ သူခံစားရတာတွေကို ထုတ်ပြတာ တဖြည်းဖြည်းနည်းလာပြီး နာကျင်ရတာတွေကို ဖုံးကွယ်ဖို့ သူ့ရဲ့ခံစားချက်တွေကို မထုတ်ပြတော့တာ၊ သန်မာချင်ယောင်ဆောင်တာတွေကို လုပ်လာပါတယ်။ ဘယ်အခြေအနေမှာ ဖြစ်ဖြစ် သူ့ရဲ့တံခါးတွေကို ပိတ်ထားပြီး ဘယ်သူက သူ့ရဲ့ရဲတိုက်ထဲကို ဝင်လာလဲဆိုတာကို သတိထားပါတော့တယ်။ သူ့ရဲ့ခံစားချက်တွေကို ထိန်းချုပ်ပြီး ‘ယောကျ်ားကောင်း’တစ်ယောက်ဖြစ်အောင် သူ့ကိုယ်သူ ပြင်ဆင်ပါတယ်။

ဒါပေမဲ့ နောက်တော့ သူက မိန်းမကောင်းလေးနဲ့တွေ့ပါတယ်။ သူ့အပေါ် လုံးဝနားလည်ပေးနိုင်တဲ့သူ၊ သူယုံကြည်ရတဲ့သူပေါ့။ သူ့ရဲ့စိတ်ထဲမှာ ဒီမိန်းမကို သူလက်ခံဖို့ သူ့ရဲ့တံခါးကို ဖွင့်ရမယ်ဆိုတာ သူသိပါတယ်။ သူ့အနေနဲ့ ဒီမိန်းမကိုချစ်ပေးဖို့နဲ့ သူ့အချစ်တွေကိုထုတ်ပြဖို့အတွက် သူ့ရဲ့ နှလုံးသားတံခါးတွေကိုဖွင့်ပေးပြီး သော့တွေကိုပါပေးဖို့လိုကြောင်း သိပါတယ်။ ဒါပေမဲ့ သူ့ရဲ့ခံစားချက်အစစ်အမှန်တွေကို ထုတ်ပြလာတဲ့အခါ အဲဒီမိန်းမက တကယ်ပဲ သူ့ကိုလေးစားပေးနိုင်လား၊ ချစ်ပေးနိုင်လား၊ သူ့ကို ကူညီပေးနိုင်လားဆိုတာကို သံသယရှိလာပါတယ်။ တစ်ဖက်မှာလဲ သူက တံခါးတွေကို ဖွင့်ပေးချင်ပေမဲ့ သူ့အနေနဲ့ ဘယ်လိုဖွင့်ပေးရမလဲကို မသိပါဘူး။ ဝမ်းနည်းစွာ


mgyoe.com

mgyoe.com SAMPLE BOOK

နဲ့ပဲ ယောက်ျားတော်တော်များများကလဲ ဒီအခြေအနေကို မပြင်ဆင်ထားကြသလို ဘယ်လိုကိုင်တွယ်ရမလဲ မသိကြပါဘူး။

အတိတ်ကအဖြစ်အပျက်တွေကြောင့် ယောက်ျားတစ်ယောက်က သူ့ရဲ့ ထိလွယ်ရှလွယ်ဖြစ်တဲ့အပိုင်းကို ထုတ်ပြလိုက်ဖို့ထက် သေလိုက်ဖို့ကိုပဲ ရွေးလိုက်ကြမှာပါ။ မိန်းမတွေအတွက်က ချစ်တာကိုထုတ်ပြတတ်ပေမဲ့ ယောက်ျားတွေအတွက်က အဆင်မပြေဘူးဖြစ်တတ်ပါတယ်။ ဒါတွေကြောင့်ပဲ ယောက်ျားတွေက သူတို့ရဲ့နှလုံးသားတံခါးတွေကို သူတို့ကိုယ်တိုင် မဖွင့်တတ်လို့ မဖွင့်ကြဘဲ သော့တွေကိုင်လာတဲ့ မိန်းမကောင်းတွေရောက်လာမှ ပေးဖွင့်ကြပါတယ်။

ဒါဆိုရင် မိန်းမတွေက ဘာလုပ်ရမှာလဲ။ ပထမဆုံး သူ့ကိုနားလည်ဖို့ လိုပါတယ်။ ဒုတိယအနေနဲ့ အဲဒီနားလည်မှုကိုအသုံးချပြီး သူ့ရဲ့ခံစားချက်တွေကို ထုတ်ပြလာအောင်လုပ်ရပါတယ်။ ဘာကြောင့်များလဲ။ ဘာကြောင့်လဲဆိုရင် ယောက်ျားတစ်ယောက် သင့်ကို အချစ်စစ်နဲ့ တစ်သက်လုံးချစ်နေဖို့ဆိုရင် သူ့ရဲ့ခံစားချက်တွေကို ဘယ်အခြေအနေထိ နားလည်ဆက်သွယ်နိုင်လဲဆိုတဲ့အပေါ် မူတည်နေလို့ပါပဲ။ သူကိုယ်တိုင် သင့်ကို ဖွင့်ပြောမလာခင်မှာ သူ့ရဲ့နှလုံးသားကို နားလည်ထားဖို့လိုပါတယ်။

အမှန်ကတော့ မိန်းမကောင်းတွေရဲ့ လွှမ်းမိုးမှုကိုခံရတဲ့အခါပိုပြီးတော့ ကောင်းတဲ့လူတစ်ယောက်ဖြစ်သွားကြောင်းကို ရင့်ကျက်တဲ့ယောက်ျားတိုင်းကသိပါတယ်။ ဒါပေမဲ့ အဲဒီယောက်ျားက သူ့နှလုံးသားကို လွှမ်းမိုးဖို့ခွင့်ပြုပေးမှ သင်က လွှမ်းမိုးနိုင်မှာ ဖြစ်ပါတယ်။ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် သူ့ရဲ့အနက်ရှိုင်းဆုံးလိုအပ်ချက်ကို သင်ဖြည့်ဆည်းပေးနိုင်လိုက်တာနဲ့ သင့်ကိုပိုင်ဆိုင်ရဖို့ သူကြိုးစားတော့မှာဖြစ်ပြီး သူ့ဘဝ


mgyoe.com

mgyoe.com SAMPLE BOOK

တစ်လျှောက်လုံး သင့်ကို သူ့အနားမှာပဲထားချင်တော့မှာပါ။ ဒါက သေချာတဲ့ အချက်တစ်ခု ဖြစ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ပြောတာတွေကတော့များသွားပါပြီ၊ ယောက်ျားတွေရဲ့ စိတ်ထဲကို အခုပဲ ဝင်ကြည့်လိုက်ရအောင် . . .

❄



mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# သူလိုအပ်တာကိုဖြည့်ဆည်းပေးပါ

## ၁

### မိန်းမတွေက အချစ်ခံချင်သလိုပဲ ယောကျ်ားတွေကလဲ လေးစားခံချင်ပါတယ်

သင် သူနဲ့စကားပြောတဲ့အခါ၊ အတူရှိတဲ့အခါ သင့်အမူအရာတွေက လေးစားမှုမရှိရင် သူက သင့်ကိုချစ်လာဖို့၊ ချစ်ပေးနေဖို့ မဖြစ်နိုင်ပါဘူး။ မိန်းမတစ်ယောက်ရဲ့အချစ်ကို ယောကျ်ားတွေက လေးစားခြင်း၊ အလေးထားခြင်းဖြင့် ရှာတွေ့ပါတယ်။ သင့်ရဲ့ယောကျ်ားကို လေးစားမှု၊ အလေးထားမှု (သူ့အပေါ်တန်ဖိုးထားမှု)တွေကို ပြနိုင်ရင် သူက သင့်အနားမှာရှိနေချင်မှာပဲ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

# ၂

## သူလဲ အသိအမှတ်ပြုခံချင်ပါတယ်။ ယောက်ျားတစ်ယောက်ဖြစ်အောင် သူကြိုးစားနေတာကို အမြဲအသိအမှတ်ပြုပါ

ယောက်ျားတော်တော်များများက အသိအမှတ်ပြုခံချင်ပေမဲ့ သူတို့ကို ပျော့ညံ့တယ်လို့ ထင်မှာစိုးရိမ်တဲ့အတွက် ဘယ်တော့မှ ထုတ်မပြောကြပါဘူး။ လူတိုင်းက ပြည့်စုံမနေပါဘူး။ အဲဒါကြောင့် သင် အသိအမှတ်ပြုပေးတဲ့အခါ သင့်ကို သူက ပျော်ရွှင်မှုတွေ အရင်ကထက် ပိုပေးတော့မှာကို သိထားပါ။ သင် ယောက်ျားတစ်ယောက်ကို အသိအမှတ်ပြုတဲ့အခါ (တကယ်စိတ်ရင်းနဲ့ အသိအမှတ်ပြုတဲ့အခါ) သူ့ကိုယ်သူ တန်ဖိုးထားမှုတွေ အရင်ကထက်ပိုရှိလာတော့မှာ ဖြစ်ပါတယ်။ သူ့ကိုယ်သူတန်ဖိုးထားမှု ပိုရှိလာတာနဲ့ သင့်ကို ပိုပြီးချစ်ပေးလာနိုင်မှာဖြစ်ပြီး သင့်ကိုပျော်ရွှင်အောင် ထားနိုင်ပါလိမ့်မယ်။ သူ့ကို အသိအမှတ်ပြုပေးတာနဲ့အမျှ သူ့ကိုယ်သူ ပိုပြီးတန်ဖိုးထားတော့မှာ ဖြစ်သလို သင့်ကိုလဲ သူ တန်ဖိုးထားမှာဖြစ်ပါတယ်။ သူ့ကို ကောင်းတဲ့ ခံစားချက်လေးတွေရစေချင်လို့ သူ့ကိုချစ်ကြောင်း စိတ်ရင်းနဲ့အသိအမှတ်ပြုပါ။ ယောက်ျားတွေက မိန်းမတွေ သူတို့ကို စိတ်ရင်းနဲ့ အသိအမှတ်ပြုတဲ့အခါ သဘောကျကြပါတယ်။ အစစ်အမှန်မဟုတ်တဲ့ ချီးမွမ်းစကားတွေကို သင်ပြော နေရင်လဲ သူတို့သိပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# ၃

## သူ့ရဲ့ဝါသနာ ဒါမှမဟုတ် စိတ်အားထက်သန်မှုကို စိတ်ဝင်စားပြီး ကူညီပါ။ ယောက်ျားတစ်ယောက်ရဲ့မှာနနဲ့ သူ့ဘဝရည်မှန်းချက်က ပင်ကိုအားဖြင့် ချိတ်ဆက်နေတတ်ပါတယ်

ယောက်ျားတစ်ယောက်ရဲ့အလုပ်က သူ့အတွက် အရေးပါသလို သူ့ဘဝတစ်လျှောက်လုံးမှာ ဘယ်သူနဲ့ အချိန်ကုန်ဆုံးချင်လဲဆိုတာကလဲ သူ့အတွက် အရေးပါပါတယ်။ သူပျော်ရွှင်ဖို့နဲ့ စိတ်ချမ်းသာမှုရှိဖို့အတွက် သူ့ရဲ့ရည်မှန်းချက်နဲ့ သူရွေးချယ်တဲ့မိန်းမက ဆက်နွယ်နေပါတယ်။ အဲဒါကြောင့် သင့်အနေနဲ့ ယောက်ျားကောင်းတစ်ယောက်ကို လိုချင်ရင် သင့်ယောက်ျားရဲ့ ရည်မှန်းချက်တွေကို နှလုံးသားတစ်ခုလုံးနဲ့ ကူညီပေးလိုက်ပါ။ သင်တို့ ဆက်ဆံရေးရဲ့အနာဂတ်က သင့်ရဲ့အကူအညီ၊ သူ့ရဲ့အလုပ်အပေါ် လေးစားမှု ဘယ်လောက်ရှိလဲဆိုတာအပေါ် မူတည်နေပါတယ်။ သင်မျှော်မှန်းထားတဲ့ ယောက်ျားတစ်ယောက်ကို တွေ့ပြီဆိုရင်တော့ သူ့အပေါ် လေးစားမှုရှိပြီး သူ့ရဲ့ရည်မှန်းချက်တွေအကြောင်း သင်သိထားဖို့လိုပါလိမ့်မယ်။ သူ့ကို ပျော်ရွှင်၊ စိတ်ကျေနပ်စေတဲ့အလုပ်ကို လုပ်ဖြစ်အောင် အမြဲအားပေးပါ။



mgyoe.com

mgyoe.com
SAMPLE BOOK

# ၄

## သူ့ရဲ့အချိန်တွေအကုန်လုံး သင့်ကိုမပေးနိုင်တဲ့အခါ စိတ်မညစ်ပါနဲ့။ သူ့မှာလဲသီးသန့်နေချင်တဲ့အချိန်တွေ ရှိပါတယ်

တချို့ယောကျ်ားတွေရဲ့ တစ်ယောက်တည်းနေချင်စိတ်က တခြားသူတွေထက်များပါတယ်။ အရေးကြီးတာကတော့ သင့်ကိုယ်သင်နားလည်ပြီး သင်က ဘယ်လိုလူမျိုးနဲ့တွေ့ချင်လဲဆိုတာကို သိဖို့လိုပါတယ်။ ဖန်တီးချင်စိတ်များပြီး အနုပညာဆန်ရတာကြိုက်တဲ့လူဆိုရင်တော့ တစ်ခုခုကို ဖန်တီးချင်တဲ့အခါ တစ်ယောက်တည်းရှိချင်တဲ့အချိန်တွေ လိုချင်ပါတယ်။ တချို့မိန်းမတွေက ဒီအခြေအနေကို ကိုင်တွယ်တတ်ကြပေမဲ့ တချို့က မကိုင်တွယ်တတ်ကြပါဘူး။ သူ့ရဲ့စိတ်ကျန်းမာနေဖို့အတွက် ကိုယ်ပိုင်အချိန်ပေးဖို့ လိုပါတယ်။ သူ့ရဲ့ လိုအပ်ချက်တွေကို နားလည်ပြီး သင်နဲ့အတူ စစ်မှန်တဲ့ဆက်ဆံရေးတစ်ခုကို တည်ဆောက်ပါ။ တစ်ခါတလေ ယောကျ်ားတွေက ကိုယ်ပိုင်အချိန် လိုအပ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

# ၅

## သူ့ရဲ့လိုအပ်ချက်တွေကို ဂရုစိုက်ပါ။ သင်လိုချင်တဲ့အချက်တွေနဲ့ သူတို့လိုချင်တဲ့အချက်တွေ မတူနေနိုင်ပါဘူး

ယောကျ်ားတစ်ယောက်ရဲ့ လိုအပ်ချက်က ကျား၊ မ ကွဲပြားမှုအပေါ် မူတည်သလို သူ့ရဲ့အကျင့်စရိုက်အပေါ် မူတည်ပြီးလဲ ကွဲပြားနိုင်ပါတယ်။ သင့်ရဲ့လိုအပ်ချက်တွေက ဒီလိုရှိသလို သူ့ရဲ့လိုအပ်ချက်တွေကလဲ ဒီလိုရှိနေမယ်လို့ တွေးလို့မရပါဘူး။ ယောကျ်ားကောင်းတွေကို ပိုင်ဆိုင်ထားတဲ့ မိန်းမတွေမှာ တူညီတဲ့အချက်တစ်ခု ရှိပါတယ်၊ သူတို့ရဲ့ကွဲပြားတဲ့ လိုအပ်ချက်တွေကို ကိုင်တွယ်ဖြည့်ဆည်းပေးတတ်တာပဲ ဖြစ်ပါတယ်။ အချစ်မှာနစ်ဝင်ပြီး ပျော်ရွှင်နေတဲ့ ယောကျ်ားတွေ ''သူ ငါ့ကိုနားလည်ပေးတယ်ကွ''ဆိုပြီးပြောတာ ကြားဖူးလား။ ဒါက သူ့ကို တကယ်နားလည်မှုပေးနိုင်တဲ့မိန်းမကို တွေ့သွားလို့ ဖြစ်တယ်။ ယောကျ်ားတိုင်း ဒါကိုလိုချင်ကြပါတယ်။ ပြီးတော့ ဒီလိုခံစားရအောင်လုပ်တဲ့ မိန်းမတွေကိုလဲ သူတို့ရဲ့ကမ္ဘာကြီးတစ်ခုလုံးကို ပေးချင်ကြပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

၆

## သူငယ်ချင်းတွေနဲ့ တွေ့ရတဲ့အချိန်က အရေးကြီးပါတယ်။ သူ့သူငယ်ချင်းတွေနဲ့ အချိန်ဖြုန်းဖို့ အချိန်ပေးလိုက်ပါ

ယောက်ျားတွေက တခြားယောက်ျားတွေနဲ့ ရှိချင်တာဟာ ပျော်ရွှင်မှုနဲ့ သူငယ်ချင်းသံယောဇဉ်အပြင် သူ့ရဲ့စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်ကြောင့်ပဲ ဖြစ်ပါတယ်။ သံက သံကိုသွေးပေးသလိုပဲ ယောက်ျားတွေက သူတို့ကိုယ်သူတို့ အချင်းချင်း ပြန်လည်ဆန်းစစ်တတ်ကြပါတယ်။ သူ့ဘော်ဒါတွေက သူ့အပေါ် ကောင်းတဲ့ လွှမ်းမိုးမှုရှိနေရင် သူ့ရဲ့စိတ်တွေ ပြန်လည်လန်းဆန်းလာအောင် သူ့ဘော်ဒါတွေနဲ့ အချိန်ပေးဖြုန်းလိုက်ပါ။ သူ့ရဲ့စိတ်တွေ ပြန်လည်လန်းဆန်းလာတဲ့အခါ သင်လိုချင်တဲ့ယောက်ျားကောင်းတစ်ယောက်အနေနဲ့ သင့်ကို သူ ဆက်ဆံပေးပါလိမ့်မယ်။


mgyoe.com

mgyoe.com SAMPLE BOOK



# ၇

## ယောက်ျားတိုင်းက သူချစ်ရ၊ လေးစားရတဲ့မိန်းမရဲ့လိုအပ်မှုကို လိုချင်ကြပါတယ်

ယောက်ျားတစ်ယောက်ကို ဆုံးရှုံးဖို့ အလွယ်ဆုံးနည်းလမ်းက သင့်ဘဝမှာ သူ့ကိုမလိုအပ်ကြောင်းပြလိုက်ဖို့ပါပဲ။ အရှင်းဆုံးပြောရရင်တော့ ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်နဲ့ မချစ်ခင်မှာပဲ သူ့ကို လိုအပ်ကြောင်း ခံစားချင်ကြပါတယ်။ ယောက်ျားတစ်ယောက်နဲ့ ရေရှည် အတူရှိချင်ရင် သူ့ကိုလိုအပ်ကြောင်း ပြဖို့လိုပါတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

## ၈

## လိင်ကိစ္စနဲ့ အိမ်ထမင်းဟင်းတွေက သင့်ယောက်ျားကို အိမ်ကပ်ဖို့ မလုံလောက်စေပါဘူး

လူမှုဝန်းကျင်မှာ ယောက်ျားတွေက လိင်ကိစ္စနဲ့ အိမ်ထမင်း၊ ဟင်းကောင်းကောင်းချက်တတ်ရင် ကိုယ့်အပေါ် သစ္စာရှိကြလိမ့်မယ်လို့ ပြောကြပါတယ်။ ဒီလိုကြေးသာဆိုရင် အမျိုးသမီးပြည့်တန်ဆာတွေနဲ့ စားဖိုမှူးတိုင်းမှာ သာယာတဲ့အိမ်ထောင်ရေး ရှိကြမှာပဲလေ။ မှားပါတယ်။ ယောက်ျားတွေက သူ့ရဲ့ အခြေခံကျတဲ့၊ အရေးပါတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ပြီး သူတို့ရဲ့စိတ်ကို အတွင်းကျကျ နားလည်နိုင်တာမျိုးကို လိုအပ်ပါတယ်။ စိတ်ချင်းနားလည်မှုအပြင် သူ့မိန်းမဆီက စိတ်ပိုင်းဆိုင်ရာ အကူအညီကိုပါ လိုအပ်ပါတယ်။ သူဘာလုပ်လုပ် သူ့ရဲ့ရည်မှန်းချက်တွေက ဘာလဲဆိုတာကို လေ့လာပြီး သူ့ကိုကူညီပါ။ ဒီနေ့ခေတ်မှာ အကူအညီဖြစ်စေတဲ့ မိန်းမတွေက ရှာတွေ့ဖို့ခက်သွားပါပြီ။

❄



mgyoe.com

mgyoe.com SAMPLE BOOK

# ဘယ်အရာတွေက သူ့ကို ပျော်ရွှင်စေလဲ

## ၉

### ယောက်ျားတွေက သူတို့ကို ဦးဆောင်ခွင့်ပေးတဲ့ ဆက်ဆံရေးတွေမှာ ပိုပြီး ပျော်ရွှင်ကြပါတယ်

ယောက်ျားတစ်ယောက်ကို ဦးဆောင်ခွင့်ပေးလိုက်ခြင်းက သင့်ကို သူ့ရဲ့ကျွန်၊ အိမ်ဖော်လုပ်နိုင်းတာ မဟုတ်ပါဘူး။ ယောက်ျားတစ်ယောက် အနေနဲ့ သူ့ကို တာဝန်ယူနိုင်းတာ၊ ဆုံးဖြတ်ချက်တွေချနိုင်းတာမျိုးက သူ့ကို ပိုပြီး ယောက်ျားပီသစေပါတယ်။ ပိုကောင်းတဲ့အချက်ကတော့ သင့်ကို စောင့်ရှောက်ဖို့ကိုလဲ သူ့ကိုယ်သူ ပိုပြီးယုံကြည်မှုရှိလာမှာ ဖြစ်ပါတယ်။ သူ့ကို ဆုံးဖြတ်ချက်တွေချကြည့်ဖို့ ဖြည်းဖြည်းချင်း တိုက်တွန်းပြီး သူ့ရဲ့ဆုံးဖြတ် ချက်ကို လေးစားပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၀

## ယောက်ျားတိုင်းက ကလေးလိုပြုမူချင်ကြပါတယ်။ ဒါကလဲ ကောင်းတဲ့အချက်ပါ

ယောက်ျားတွေက ကစားဖို့၊ ပြန်လည်ဖန်တီးဖို့ အချိန်တွေလိုအပ်ပါတယ်။ တစ်ခါတလေမှာ သူတို့ရဲ့ ကလေးဆန်ချင်တဲ့အပိုင်းကို မဝေဖန်ဘဲနဲ့ သူတို့ဖြစ်ချင်တဲ့အတိုင်း ပေးဖြစ်လိုက်ပါ။ ရင့်ကျက်သွားတဲ့ ယောက်ျား တစ်ယောက်အနေနဲ့ တချို့အလေ့အကျင့်တွေက ပိုကောင်းတဲ့ယောက်ျား တစ်ယောက် မဖြစ်စေတော့တဲ့အခါ ဆက်မလုပ်ဖြစ်တော့တာမျိုး ရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ရဲ့ ကလေးဆန်ချင်တဲ့အပိုင်းကို ထုတ်ပြဖို့ အခြေအနေတွေကို ဖန်တီးပေးလိုက်ပါ။


mgyoe.com

mgyoe.com

SAMPLE BOOK

## ၁၁

### ယောက်ျားတွေက ရှုပ်ထွေးမှုတွေကိုမနှစ်သက်ပါဘူး။ အဲဒါကြောင့် သူတို့ကို စဉ်းစားနိုင်းတာတွေက ကောင်းတဲ့နည်းလမ်း မဟုတ်ပါဘူး။ သင်ဖြစ်ချင်တာတွေကို ပြောပြတဲ့အခါ ပွင့်လင်းဖို့လိုပါတယ်

သင်က ယောက်ျားတစ်ယောက်နဲ့ နှစ်တွေအကြာကြီးနေလာလို့ သူက သင့်အကြောင်း နောကျေနေတာမျိုးမဟုတ်ရင် အမြဲတမ်း တစ်ခုခုကို ခန့်မှန်း၊ စဉ်းစားခိုင်းတာက အလုပ်ဖြစ်မှာမဟုတ်ပါဘူး။ ယောက်ျားတွေက မိန်းမတွေ ယောက်ျားတစ်ယောက်ကို စဉ်းစားသလောက် မစဉ်းစားကြပါဘူး။ သူတို့ သင့်ကို ဘယ်လိုပျော်ရွှင်အောင်ထားနိုင်မလဲကိုပဲ သိချင်ပါတယ်။ ရိုးရှင်းပါတယ်။ သင့်ကို ဘာတွေကပျော်စေလဲ၊ မပျော်စေဘူးလဲဆိုတာကို ပေးသိလိုက်ပါ။ ယောက်ျားကောင်းတစ်ယောက်က မိန်းမရဲ့ ရိုးသားမှုအပေါ် လေးစား၊ အသိအမှတ်ပြုပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

# ၁၂

## ယောက်ျားတွေက မြင်တွေ့ရတာကိုကြိုက်တဲ့သူမျိုးတွေ ဖြစ်ပါတယ်။ တခြားမိန်းမတွေကို သူလိုက်ကြည့်မှာပါ။ ယောက်ျားကောင်းတစ်ယောက်ကတော့ ကြည့်ရုံနဲ့တင် ရပ်လိုက်ပါတယ်

သင့်ယောက်ျားက မိန်းမချောလေးတွေကိုလိုက်ကြည့်နေရင် သူ့ကို စိတ်မဆိုးပါနဲ့၊ ဟုတ်ပါတယ်၊ သင့်အတွက်ကတော့ ဒီအခြေအနေက သည်းခံပေးနိုင်စရာ သိပ်မရှိပါဘူး။ ယောက်ျားတွေက မိန်းမတွေရဲ့အလှကို ခံစားဖို့ မွေးဖွားလာတာ ဖြစ်ပါတယ်။ သဘာဝအရ အလှအပကို ခံစားအသိအမှတ်ပြုတာမျိုး လုပ်ကြပေမဲ့ အကြည့်ကိုလွှဲလိုက်ဖို့ကိုလဲ စက္ကန့်ပိုင်းလောက်နဲ့ ဆုံးဖြတ်ကြပါတယ်။ ယောက်ျားကောင်းတစ်ယောက်ကလဲ အဲဒီဆုံးဖြတ်ချက်မျိုးချဖို့ သူ့ကိုယ်သူ ဆင်ခြင်ပါတယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၃

## ယောက်ျားတစ်ယောက်ဆီကို ပြဿနာတွေနဲ့သွားတဲ့အခါ သူက အဲဒီပြဿနာကို ဖြေရှင်းဖို့ ကြိုးစားပါလိမ့်မယ်။ သူ့ကို မဖြေရှင်းစေချင်ရင်တော့ ကြိုပြီးအသိပေးထားပါ

သင့်မှာ ပြဿနာတစ်ခုရှိနေပြီး သင်ပြောတာတွေကို နားထောင်တာပဲလုပ်စေချင်ရင် သူ့ကိုကြိုပြောပြထားတာ ကောင်းပါတယ်။ သင့်ပြဿနာတွေကို မဖြေရှင်းစေချင်ဘဲ နားပဲနားထောင်စေချင်ကြောင်း သူ့ကိုအသိပေးပါ။ ယောက်ျားတွေက လက်တွေ့ကျတဲ့သူတွေ ဖြစ်ပါတယ်။ ပြီးတော့ ပြဿနာကို ညည်းတွားနေရတာက သူတို့အတွက် အဓိပ္ပာယ်မရှိပါဘူး။ ယောက်ျားတွေရဲ့ စိတ်ထဲမှာ ပြဿနာဆိုတာ ဆွေးနွေးရတာမျိုးမဟုတ်ဘဲ ဖြေရှင်းရမှ နေသာထိုင်သာ ရှိသွားပါတယ်။



mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၄

**ယောက်ျားတွေက မိန်းမတွေကိုလိုက်ဖို့ သဘာဝအရ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သူက သင့်ကိုရသွားတာနဲ့ သင့်ကစားပွဲကို ရပ်တန့်လိုက်ဖို့ မလိုပါဘူး**

လက်ရှိ သင့်ဘေးနားမှာရှိနေတဲ့ လူတစ်ယောက်ကို သင့်ကို ပိုစိတ်ဝင်စားစေချင်ရင် နည်းနည်းလေး ကစားပေးဖို့လိုပါတယ်၊ ကောင်းတဲ့ နည်းလမ်းနဲ့ပေါ့။ သင့်ရဲ့ယောက်ျားကို သင့်အနားမှာပဲထားချင်ရင် ကစားပွဲလေး ဖန်တီးပေးဖို့လိုပြီး သူ့ကိုလဲ သတိပေးထားဖို့ လိုပါတယ်။ ပြောတာယုံ။ သူ့ရဲ့အာရုံစိုက်မှုကိုရဖို့ သင်ကြိုးစားနေရင် သူက ပျော်ပျော်ကြီးပဲ သင့်ကစားပွဲထဲ ဝင်ပါမှာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၁၅

## ရေပန်းစားနေတဲ့ ယုံကြည်မှုကိုမေ့လိုက်ပါ။ သင့်ကလေးတွေကို သင့်ယောက်ျားထက် ဦးစားပေးလိုက်ဖို့ မသင့်ပါဘူး။ ယောက်ျားက နံပါတ် ၁၊ ကလေးတွေက နံပါတ် ၂

ဒီအကြံပြုချက်က ဘယ်ကလာလဲ မသိပါဘူး။ ဒါပေမဲ့ သင့်ယောက်ျားကို ကလေးတွေထက် ဦးစားပေးလိုက်ဖို့က အဓိပ္ပာယ်မရှိပါဘူး။ ပြောချင်တာက ယောက်ျားရဲ့ဆန္ဒကိုပဲ ဖြည့်ဆည်းပေးပြီး ကလေးတွေကို လျစ်လျူရှုလိုက်ဖို့ မဟုတ်ပါဘူး။ သင်လက်ထပ်ထားတဲ့ ယောက်ျားရဲ့ လိုအပ်ချက်ကို ဦးစားပေးခြင်းက သင့်ရဲ့အိမ်ထောင်ရေးလိုပဲ အရေးပါပါတယ်။ ဘယ်ယောက်ျားကမှလဲ သင့်ရဲ့ပျော်ရွှင်မှုက ကလေးတွေထက် ပိုအရေးကြီးတယ်လို့ မထင်ပါဘူး။



mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၄

**ယောက်ျားတွေက မိန်းမတွေကိုလိုက်ဖို့ သဘာဝအရ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ သူက သင့်ကိုရသွားတာနဲ့ သင့်ကစားပွဲကို ရပ်တန့်လိုက်ဖို့ မလိုပါဘူး**

လက်ရှိ သင့်ဘေးနားမှာရှိနေတဲ့ လူတစ်ယောက်ကို သင့်ကို ပိုစိတ်ဝင်စားစေချင်ရင် နည်းနည်းလေး ကစားပေးဖို့လိုပါတယ်၊ ကောင်းတဲ့ နည်းလမ်းနဲ့ပေါ့။ သင့်ရဲ့ယောက်ျားကို သင့်အနားမှာပဲထားချင်ရင် ကစားပွဲလေး ဖန်တီးပေးဖို့လိုပြီး သူ့ကိုလဲ သတိပေးထားဖို့ လိုပါတယ်။ ပြောတာယုံ၊ သူ့ရဲ့အာရုံစိုက်မှုကိုရဖို့ သင်ကြိုးစားနေရင် သူက ပျော်ပျော်ကြီးပဲ သင့်ကစားပွဲထဲ ဝင်ပါမှာ ဖြစ်ပါတယ်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၁၅

### ရေပန်းစားနေတဲ့ ယုံကြည်မှုကိုမေ့လိုက်ပါ။ သင့်ကလေးတွေကို သင့်ယောက်ျားထက် ဦးစားပေးလိုက်ဖို့ မသင့်ပါဘူး။ ယောက်ျားက နံပါတ် ၁၊ ကလေးတွေက နံပါတ် ၂

ဒီအကြံပြုချက်က ဘယ်ကလာလဲ မသိပါဘူး။ ဒါပေမဲ့ သင့်ယောက်ျားကို ကလေးတွေထက် ဦးစားပေးလိုက်ဖို့က အဓိပ္ပာယ်မရှိပါဘူး။ ပြောချင်တာက ယောက်ျားရဲ့ဆန္ဒကိုပဲ ဖြည့်ဆည်းပေးပြီး ကလေးတွေကို လျစ်လျူရှုလိုက်ဖို့ မဟုတ်ပါဘူး။ သင်လက်ထပ်ထားတဲ့ ယောက်ျားရဲ့ လိုအပ်ချက်ကို ဦးစားပေးခြင်းက သင့်ရဲ့အိမ်ထောင်ရေးလိုပဲ အရေးပါပါတယ်။ ဘယ်ယောက်ျားကမှလဲ သင့်ရဲ့ပျော်ရွှင်မှုက ကလေးတွေထက် ပိုအရေးကြီးတယ်လို့ မထင်ပါဘူး။



mgyoe.com

mgyoe.com
SAMPLE BOOK

## ၁၈

### ယောက်ျားတစ်ယောက်က သင့်ကိုစိတ်ဝင်စားရင် သင်အထင်ကြီးအောင် ကြိုးစားမှာပဲ ဖြစ်ပါတယ်။ တချို့ယောက်ျားတွေက ပိုပြီးဖုံးကွယ်တတ်တာပဲ ရှိပါတယ်

သူ့ကို စနောက်တာ၊ ငြိမ်ငြိမ်မနေတာ၊ သူ့ရဲ့ခန္ဓာကိုယ် အပြင်အဆင်ကို ဂရုစိုက်နေတာ၊ သူ့အပြုအမူတွေအပေါ် အာရုံထားစေချင်တာမျိုးပေါ့။ ယောက်ျားတစ်ယောက်အနေနဲ့ သူသဘောကျတဲ့ မိန်းမရဲ့ အထင်ကြီး မှုကိုရဖို့ အများကြီးကြိုးစားမှာ ဖြစ်ပါတယ်။ သူလိုချင်တဲ့မိန်းမကို သူရဖို့လဲ အမြဲအစွမ်းကုန်ကြိုးစားနေမှာ ဖြစ်ပါတယ်။ သင့်ရဲ့အာရုံစိုက်မှုရဖို့ သူကြိုးစား နေလားဆိုတာ လေ့လာနေပါ။


mgyoe.com

mgyoe.com SAMPLE BOOK

## ၁၉

### ယောက်ျားကောင်းတစ်ယောက်ဖြစ်နေပါစေ
### သင်မလန့်သွားအောင်လို့ သူ လိမ်ပေးနိုင်ပါတယ်။
### သူ့မိန်းမရဲ့စိတ်ခံစားချက်တွေ အဆင်ပြေနေအောင်
### ဘယ်လိုစကားမျိုးဖြစ်ဖြစ် သူပြောနေနိုင်ပါတယ်

ယောက်ျားတွေရဲ့အမြင်မှာ မိန်းမတွေရဲ့ စိတ်ခံစားချက်က ကြောက်စရာကောင်းနေလို့ မဟုတ်ပေမဲ့ ထိန်းချုပ်ရခက်မှာစိုးလို့ပါ။ မိန်းမတွေရဲ့ ခံစားချက်ကြောင့် မကောင်းတဲ့ တုံ့ပြန်မှုတွေဖြစ်လာနိုင်တယ်ဆိုတာ သူတို့သေချာနားလည်ပြီးတဲ့နောက် အဆင်ပြေသွားစေလိုတဲ့ ရည်ရွယ်ချက်နဲ့ သူတို့လိမ်နိုင်ပါတယ်။ ဒီနေရာမှာ ရိုးရှင်းတဲ့ကိစ္စတွေ (ဖုန်းခေါ်ဖို့မေ့သွားတာ၊ အမှိုက်ပစ်ဖို့မေ့သွားတာ) ကိုပဲပြောတာ ဖြစ်တယ်။ သူက သင့်ကို ကိုင်တွယ်ဖို့ အဆင်သင့်မဖြစ်သေးဘူး၊ သင့်ခံစားချက်တွေကို သူ မကိုင်တွယ်နိုင်သေးဘူး ဆိုရင် ကိစ္စတွေအဆင်ပြေသွားအောင် သူလိမ်နိုင်ပါတယ်။



mgyoe.com